ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်

Yangon Protestant Reformed Church

တနင်္ဂနွေစာစောင်၊ နံပတ် (၉၇)

နေ့စွဲ – ၄. ၃. ၂၀၁၂

## အသင်းလူကြီးဌာနအကြောင်း(The Office of Elder)

အသင်းလူကြီးဆိုသည်အတွက် ကျမ်းစာက စကားနှစ်လုံးကို အသုံးပြုပါသည်။ စကားတလုံးကို အသင်းလူကြီးဟု ဘာသာပြန်ပါသည် (တမန် ၁၄း၂၃၊ ၁၅း၂–၆၊ ၁တိ ၅း၁၊၁၇၊၁၉၊ တိတု ၁း၅၊ ယာကုပ် ၅း၁၄၊ ၁ပေ ၅း၁)၊ ထိုကျမ်းပိုဒ်များတွင် ဂရိဘာသာ "ပရက်စ်ဘီတား"ဆိုသောစကားလုံးကို အသုံးပြုသည်၊ အဓိပ္ပါယ်မှာ "အသက်ကြီးသောသူ"ဟုဖြစ်ပါသည်။ နောက်စကားတလုံးကို တော့ "ဘစ်ရှော့ပ်" = သင်းအုပ်၊ (သို့) "ကြီးကြပ်သူ"ဟု ဘာသာပြန်လေ့ရှိပါသည် (တမန် ၂၀း၂၈၊ ဖိ ၁း၁၊ ၁တိ ၃း၁–၂၊ တိတု ၁း၇)(မြန်မာကျမ်းစာတွင် ဆရာယုဒသန်က နှစ်ခြင်းတို့၏အိုင်ဒီယာဖြင့် ဘာသာပြန်ရာ၊ ထိုသို့တိကျစွာမမြင်ရပါ၊ နှစ်ခြင်းတို့၏ အိုင် ဒီယာတွင် အသင်းတော်အမှုဆောင်၌ သင်းအုပ်နှင့်သင်းထောက်သာရှိသည်၊ အသင်းလူကြီးမရှိပါ၊ ထို့ကြောင့် မြန်မာကျမ်းစာတွင် အသင်းလူကြီးကိုမတွေ့ရဘဲ၊ သင်းအုပ် သင်းထောက် ဟူ၍သာတွေ့ရမည်ဖြစ်သည်။ တနေ့ ကျွန်တော်တို့၏ဂျိန်းဘုရင်မူ ပြီးမှသာ ခရစ်ယာန်သီသြလော်ဂျီကို မြန်မာဘာသာနှင့်အပြည့်အဝ ကျမ်းစာကိုမှီလျှက် တည်ဆောက်နိုင်ပါမည်။ ဘာသာပြန်သူ)။ ထိုစကား လုံးက အုပ်ချုပ်နိုင်ခွင့်ရရှိသူ၊ အခြားသူများကို အုပ်ချုပ်သူဟု အဓိပ္ပါယ်ရပါသည်။

ထိုစကားနှစ်လုံးစလုံးက တခုတည်းသောအမှုဆောင်ဌာနကိုသာရည်ညွှန်းနေကြောင်း ကျမ်းစာက ရှင်းစွာပြောပြပါသည်။ တမန်တော်(၂၀း၂၈)တွင် ပေါလုက ဖေက်အသင်းတော်၏ အသင်းလူကြီးများကို "အုပ်ချုပ်သူများ"(overseers)ဟုခေါ်ပါသည်၊ နောက်တနေရာတွင် ထိုစကားလုံးကို ဘစ်ရှော့ပ် = သင်းအုပ်ဟု ဘာသာပြန်ပါသည်(၁တိ ၃း၁–၂)။ တိတု ၁း၅–၇ တွင် ပေါလုက အသင်းလူကြီးနှင့်ဘစ်ရှော့ပ် = သင်းအုပ်ကို တဦးတည်းကိုရည်ညွှန်း၍သုံးပါသည်။ ထို့ကြောင့် ရိုမန်ကက်သလစ်နှင့်၊ ၎င်းနှင့်ဆင်သော အသင်းတော်များ မှားနေကြခြင်းဖြစ်သည်၊ ၎င်းတို့က ဘစ်ရှော့ပ်ဆိုသည်မှာ ဘုန်းတော်ကြီးဖြစ်သည်၊ တခြားအမှုဆောင်ဌာနများထက် အဆင့်မြင့်သည်ဟု ပြောကြပါသည်။

ကျမ်းစာက အုပ်ချုပ်သူအသင်းလူကြီး(၁တိ ၃း၄–၅၊ ၅း၁၇)၊ သင်ပေးသူအသင်းလူကြီး(၁ပေ ၅း၁)ဟု ခွဲခြားထားပါသည်။ ထိုသို့ပြော၍ ဌာနတခုက အခြားဌာနတခုထက် ပို၍မြင့်သည်ဟု ပြောခြင်းမဟုတ်ပါ။ ထိုကျမ်းပိုဒ်များကပြောသည်မှာ ထိုဌာနများတွင် တိကျသောခွဲခြားထားမှုမရှိပါဟူ၍ဖြစ်သည်။ အုပ်ချုပ်သောအသင်းလူကြီးသည်လည်း သင်ကြားပေးနိုင်သူဖြစ်ရပါမည် (၁တိ ၃း၂)၊ သင်ကြားပေးသူအသင်းလူကြီးကလည်း အုပ်ချုပ်နိုင်သူဖြစ်ရပါမည်(၁တိ ၅း၁၇)။

ထို့ကြောင့်၊ ခြားနားမှုသည် လုပ်ကိုင်ရသောတာဝန်(function)၌သာဖြစ်ပါသည်။ သင်ကြားပေးသောအသင်းလူကြီးက အထူးသဖြင့် နှုတ်ကပတ်တော်နှင့်သြဝါဒတို့၌ ဖောက်ချလုပ်ကိုင်ပါသည်၊ သို့သော် အသင်းတော်အုပ်ချုပ်ရေး၌လည်း တတ်နိုင်သလောက် ပါဝင်ပါသည်။ အုပ်ချုပ်သူအသင်းလူကြီးကမူ အထူးသဖြင့် အုပ်ချုပ်ခြင်း၌ဖောက်ချလုပ်ကိုင်ပါသည်။ ဖေက် ၄း၂၂က ထို အသင်းလူကြီးများကို သင်အုပ်များနှင့်ဆရာများဟု ရည်ညွှန်းပါသည်။

ယခုပြောချင်သည်မှာ အုပ်ချုပ်သူအသင်းလူကြီးအကြောင်းဖြစ်ပါသည်။ ၎င်းနှင့်ပတ်သက်၍ အချက်အတော်များများပြောပါမည်။ အသင်းလူကြီးဆိုသည်မှာ ဘုရားသခင်၏အသင်းတော်အတွက် ကောင်းချီးမင်္ဂလာဖြစ်သည်၊ ကျိန်ခြင်းအမင်္ဂလာမဟုတ်ပါဟု ပြောဆိုနိုင်ရန် ထိုအချက်အလက်များသည် အလွန်အရေးကြီးပါသည်။

ပထမ၊ အသင်းလူကြီး တဦးမက ရှိရမည်။ ကျမ်းစာက အသင်းလူကြီးတဦးတည်းအုပ်ချုပ်သည်ဟု မည်သည့်အခါကမှမပြောပါ။ တဦးတည်းအုပ်ချုပ်ခြင်းသည် အာဏာရှင်စနစ်ဖြစ်သည်၊ ကျမ်းစာနှင့်မညီပါ (သုတ္တံ ၁၁း၁၄၊ ၁၅း၂၂၊ ၂၄း၆)။

ဒုတိယ၊ အသင်းလူကြီးများသည် ဘုရားသခင့်လူများ၏အစေခံများဖြစ်ကြသည် (မဿဲ ၂၃း၁၁၊ ၁ကော ၉း၁၉၊ ၂ကော ၄း၅)။ ထိုအချက်သည် ကောလောသဲ ၄း၁၇ ဖြင့် ပို၍ထင်ရှားပါသည်၊ ထိုနေရာတွင် ပေါလုက အသင်းတော်ကို မိမိတို့အသင်းလူကြီးများ သူတို့ဆောင်ရွက်ရမည်များကို သတိပြုကြရန် ကောင်းစွာအကောင်အထည်ဖေါ်ကြရန် သတိပေးကြပါဟု မှာထားပါသည်။ အသင်းလူကြီးများ မိမိတို့ကိုယ်ကို အသင်းတော်၏အစေခံများဟု မြင်ခြင်းက အာဏာရှင်အဖြစ်အသင်းတော်ကိုအုပ်ချုပ်ခြင်းအား ကာကွယ်ပေးပါသည်။

တတိယ၊ အသင်းလူကြီးများက အုပ်ချုပ်သည်ဆိုသည်မှာ အသင်းတော်၏လုပ်ရှားအသက်ရှင်မှုအားလုံးကို ရှုထောင့်စုံမှ အုပ်ချုပ်ခြင်းဖြစ်သည်၊ တရားဟောခြင်း၊ အခြားအမှုဆောင်များ၏ပြုကျင့်မှုပုံစံ၊ သင်းအုပ်များ၏အကျင့်စာရိတ္တအားလုံး ပါဝင်ပါသည်(တမန် ၂၀း၂၈–၃၁)။ အသင်းလူကြီးများအားလုံး၏တာဝန်မှာ အသင်းတော်၌ "ကြေးစားများ"နှင့်"မြေခွေးများ"မရှိရအောင် စောင့်ရှောက်ခြင်းဖြစ်သည်။ အသင်းတော်တွင် မည်သူမျှ မိမိကိုယ်ကို ဥပဒေသဖြစ်သည်ဟု မထင်ကြရပါ။

စတုတ္ထ၊ အသင်းတော်တွင် အုပ်ချုပ်ပိုင်ခွင့်ကို ခရစ်တော်က အသင်းလူကြီးများထံပေးအပ်ထားသည် (တမန် ၂၀း၂၈)၊ အာဏာတကယ်ပိုင်သူသည် ခရစ်တော်ဖြစ်သည် (မဿဲ ၂၈း၁၈)၊ ထို့ကြောင့် ခရစ်တော်ကိုနာခံသည့်အနေနှင့်အုပ်ချုပ်ရပါမည် (၁ပေ ၅း၄)။ ဆိုလိုသည်မှာ အသင်းလူကြီးတို့၏သြဇာအာဏာသည် ကျမ်းစာတွင်ပါသော ဘုရားသခင်၏စကားတော်ဖြစ်သည်။

အသင်းလူကြီးတို့သည် ကျမ်းစာနှင့်အညီ အုပ်ချုပ်ရမည်။ ဘုရားသခင့်စကားကို အသင်းသူ/သားတို့ထံ ယူဆောင်သွားရမည်။ ၎င်းအားဖြင့် သတိပေးဆုံးရမည်၊ ၎င်းကိုသာ သင်ပေးရမည်၊ မိမိတို့ကိုယ်ပိုင်ထင်မြင်ချက်များမဖြစ်ရ။

ထိုသို့သောအသင်းလူကြီးများသည် ခရစ်တော်၏အသင်းတော်အတွက် တကယ့်ကောင်းချီးမင်္ဂလာဖြစ်ပါသည်။

## သင်းထောက်ဌာနအကြောင်း(The Office of Deacon)

သင်းထောက်ဌာနသည် သခင်ယေရှုခရစ်တော်၏အသင်းတော်တွင် လစ်လျူရှုခြင်း အခံရဆုံးဌာနဖြစ်သည်။ အသင်းတော်အများစုတွင် ထိုဌာန မရှိတော့ပါ။ ရှိသည်ဆိုလျှင်လည်း ကျမ်းစာက သင်းထောက်တို့လုပ်ရမည်ဆိုသည်များကို မလုပ်ကိုင်တော့ကြသလောက်ဖြစ်နေပါသည်။

သင်းထောက်လူကြီးများရှိကြသောအသင်းတော်အများစုတွင် သင်းထောက်တို့သည် အသင်းလူကြီး၏အလုပ်ဖြစ်သော အုပ်ချုပ်ခြင်းကို လုပ်ကိုင်နေကြပါသည်။ တချို့အသင်းတော်တို့တွင် ငွေကြေးကိစ္စများကိုသာကိုင်တွယ်ကြပြန်သည်။ အချို့က မရှိလျှင်လည်း ပြဿနာမဟုတ်ဟု သဘောထားကြသည်၊ လက်တင်မင်္ဂလာပေးလျှက်ခန့်အပ်ခြင်းများလည်း မလုပ်ကြတော့ပါ။

သင်းထောက်ဌာနကို သေချာနားလည်ရန် တမန်တော်အခန်းကြီး(၆)ကို လေ့လာရပါမည်။ ထိုနေရာတွင် သင်းထောက်တို့အကြောင်း ပြောပြထားသည်။ "သင်းထောက်"ဟုဘာသာပြန်သောစကားလုံး၏တိုက်ရိုက်အဓိပ္ပါယ်မှာ "အစေခံ"ဖြစ်ပါသည်။ ကျမ်းစာက အသင်းတော်၌ (သို့) ယုံကြည်သူများကြား၌ မည်သို့သောလုပ်နိုင်စွမ်းပမာဏနှင့်မဆို အလုပ်အကျွေးပြုသူတိုင်းကို ထိုစကားလုံးနှင့်ဖေါ်ပြလေ့ရှိသည် (ယော ၁၂း၂၆၊ ရောမ ၆း၁)။ သို့သော် တမန်တော်(၆)က အချို့တို့သည် "အစေခံများ" အထူးတလည်ဖြစ်ကြပါသည်ဟု ပြောနေပါသည်။

တမန်တော်(၆)က သင်ပေးသည်မှာ ပထမ၊ ထိုအထူးအစေခံများကို သင်းထောက်ဌာနဟုခေါ်သည်၊ ထိုဌာနသို့ တစုံတဦးသည် လက်တင်မင်္ဂလာပေးခန့်အပ်ခံရခြင်းဖြင့်သာ ဝင်ရောက်နိုင်သည်(ဖိ ၁း၁၊ ၁တိ ၃း၁၀၊ ၁၃)။ ထို့ကြောင့် ဤဌာနသည် အသင်းတော်၏စာရင်းစာယားစာအုပ်ထိန်းသိမ်းယုံမျှမကကြောင်း ရှင်းနေပါသည်။ ထို့အပြင် ထိုဌာနအတွက် ဝိညာဉ်ရေးရာအရည်အချင်းတချို့ မရှိမဖြစ်ရှိဖို့လိုအပ်ကြောင်းကိုလည်း ရှင်းနေအောင်အသိပေးပါသည် (တမန် ၆း၃၊ ၁တိ ၃း၈–၁၃)။

တမန်တော်(၆)ကပြောပြ၍ ၁တိ ၃း၈–၁၃က ခိုင်မာစေသည်မှာ၊ သင်းထောက်ဖြစ်သူသည် ယောကျ်ားဖြစ်ရပါမည်။ သင်းထောက်ဖြစ်ဖို့ရန် လက်တင်မင်္ဂလာပေးခန့်အပ်ရသည်ဖြစ်၍ အသင်းတော်အတွင်း၌ ဩဇာအာဏာရှိကြပါသည်၊ သို့သော် အသင်းလူကြီးများ၏ အုပ်ချုပ်သောအာဏာနှင့်တော့ မတူပြန်ပါ။ အသင်းတော်တွင် အမျိုးသမီးသင်းထောက်များထားရှိခြင်းသည် ကျမ်းစာကိုဆန့်ကျင်သူများဖြစ်သည်၊ အမျိုးသမီးအသင်းလူကြီး၊ အမျိုးသမီးသင်းအုပ်များ ထားရှိကြသည့်မှားယွင်းသောအသင်းတော်များနှင့်အတူတူပင်ဖြစ်ပါသည်။

တမန်တော်(၆)ကဆက်၍ ဂရိလူမျိုးမုဆိုးမများအကြောင်း၊ သင်းထောက်များ၏တာဝန်များ၊ လုပ်ရှားပြုမူပုံများကို ပြောပြပါသည်။ ထို့ကြောင့် သင်းထောက်များ၏အဓိကတာဝန်မှာ လိုအပ်နေသူများ ဂရုစိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် သူတို့၏တာဝန်သည်၊ မုဆိုးမများကိုသာစောင့်ရှောက်ခြင်း၊ စားပွဲကိုစောင့်ရှုခြင်းတို့ထက်များစွာပိုပါသည်ဟု တမန် ၄း၃၅ကပြောပြနေပါသည်။ ထိုနေရာတွင် တမန်တော်များက သင်းထောက်များထံ လွှဲပြောင်းပေးသောတာဝန်များတွင် လိုအပ်သူများအားလုံးအတွက် စုဆောင်းခြင်း၊ ပြန်လည်ဝေငှပေးခြင်းတို့ပါဝင်ပါသည်။

ကျွန်တော်တို့ ပို၍အထူးပြုပြောချင်သည်မှာ ခရစ်တော်ကိုယ်တိုင်က သင်းထောက်တို့အဖြစ်ခေါ်တော်မူထားသော လက်တင်မင်္ဂလာပေးခန့်အပ်ခြင်းခံကြရသူများက မိမိတို့၏တာဝန်များကို သင်းထောက်များအဖြစ် လုပ်ကိုင်ဆောင်ရွက်ကြခြင်းသည် လူမှုရေးအသင်းအဖွဲ့များ၏ဂရုဏာထားဆောင်ရွက်ခြင်းများထက် များစွာပိုလွန်ပါသည် ဆိုသောအချက်ဖြစ်သည်။ ထိုခရစ်တော်၏အမှုတော်ဆောင်ဌာနသို့ ခရစ်တော်၏လက်တင်မင်္ဂလာပေးခြင်းဖြင့် ခန့်အပ်ခြင်းကိုခံကြရရာ၊ သင်းထောက်တို့သည် ခရစ်တော်၏နာမည်ဖြင့်၊ ခရစ်တော်၏အတွက်ကြောင့် ကူညီရှုခြင်းတာဝန်များကို ယူဆောင်ကြရပါသည်။ သူတို့သည် ဆင်းရဲသူများကို လောကပစ္စည်းများဖြင့် သက်သာစေယုံမျှသာ ကူညီကြသည်မဟုတ်ပါ၊ ကျမ်းစာမှလာသော နှစ်သိမ့်စရာစကားများဖြင့်လည်း ကူမကြပါသည်။

ထိုသို့ပြုလျှက်၊ သင်းထောက်များသည် အသင်းတော်တွင် ယဇ်ပုရောဟိတ်များ၏တာဝန်တစိတ်တပိုင်းကို ပြည့်စုံနေစေကြပါသည်။ ဓမ္မဟောင်းကာလရှိ ယဇ်ပုရောဟိတ်များကဲ့သို့ဖြစ်သည်။ သူတို့တာဝန်ယူရသောဌာနသည်၊ သနားကြင်နာခြင်းဌာနဖြစ်သည်၊ ယူဆောင်လာကြသော လက်ဆောင်များကို ခရစ်တော်နှင့်သူ့လူများအတွက် အမှုဆောင်ခြင်းအဖြစ် လက်ခံကြရခြင်းဖြစ်သည်။

သင်းထောက်တို့သည် ဂလာတိ ၆း၁၀ ကပြောသောဥပဒေသကို လိုက်နာလျှက် လုပ်ကိုင်ကြရမည်။ (ယုဒသန်၏ မြန်မာကျမ်းစာတွင် အဓိပ္ပါယ်ကောင်းစွာမပေါ်၍မူရင်းမှာဘာသာပြန်ပါသည်၊ As we have therefore opportunity, let us do good unto all *men*, especially unto them who are of the household of faith. (Galatians 6:10 KJV)= "ထို့ကြောင့် ငါတို့အခွင့်အရေးရကြသည့်အတိုင်း၊ လူအားလုံးတို့ထံ ကောင်းမြတ်စွာပြုမူကြမည်၊ အထူးသဖြင့် ယုံကြည်ခြင်းအိမ်ထောင်စုဝင်များ အပေါ်ဖြစ်သည်၊" ဆိုလိုသည်မှာ မိမိနှင့်တစုတည်းသောယုံကြည်ချက်ထားရှိကြသည့်အသင်းတော်မှ အသင်းသူ/သားများကိုဖြစ်သည်။) ထို့ကြောင့် သင်းထောက်များ၏အလုပ်သည် အသင်းတော်အတွက်သာဖြစ်သည်။ ထိုအမှုဆောင်ဌာနကို အသင်းတော်၌ပြန်လည်တည်

ရှိစေသောအခါ၊ ဆာလံ ၃၇း၂၅ ၏စကားလုံးတို့သည် လက်တွေ့မှန်ကန်လာတော့မည်ဖြစ်သည်၊ "ဖြောင့်မတ်သောသူသည် စွန့်ပစ်ခြင်း ကိုခံရသည့်အကြောင်း၊ သူ၏သားမြေးတို့သည် တောင်းရမ်းစားရသည့်အကြောင်းကို ငယ်သည်မှအသက်ကြီးသည် ကာလမှစ၍ အိုသည်တိုင်အောင် မမြင် စဖူး။"

## သင်းအုပ်နှင့်ဆရာဌာနအကြောင်း(The Office of Pastor and Teacher)

သင်းအုပ်နှင့်ဆရာဌာနသည် အသင်းတော်၏အမြဲတမ်းဌာနများရှိ တတိယဌာနဖြစ်သည် (ဧဖက် ၄း၁၁)။ ၎င်းဌာနသည် လက်တင်မင်္ဂလာပေးခန့်အပ်မှုလိုအပ်ကြောင်း ၁တိ ၄း၁၄၊ ရောမ ၁၀း၁၅တို့မှ သိနိုင်ပါသည်။ ထိုဌာနခွဲနေရသူတို့၏ အဓိကတာဝန်မှာ "နှုတ်ကပတ်တော်နှင့်သြဝါဒများ"ဖြင့် လုပ်ကိုင်နေရခြင်းဖြစ်ပါသည်။ ဆိုလိုသည်မှာ ဧဝံဂေလိတရားဟောပြောခြင်းဖြစ်သည်။

၁တ ၅း၁၇ က "နှုတ်ကပတ်တော်နှင့်သြဝါဒများ"ကို ကိုင်တွယ်လုပ်ကိုင်နေကြသူများသည်၊ အုပ်ချုပ်သူအသင်းလူကြီးများနှင့်အတူတူ အသင်းလူကြီးများလည်းဖြစ်ကြပါသည်ဟု ဖေါ်ပြပါသည်။ ထို့ကြောင့် ဧဝံဂေလိဟောကြားသူသင်းအုပ်လည်း အသင်းလူကြီးကဲ့သို့ အုပ်ချုပ်ပါသည်။ တမန်တော် ၂၀း၂၈ က အုပ်ချုပ်သူအသင်းလူကြီးများကို သင်အုပ်များဟု ခေါ်သကဲ့သို့ဖြစ်သည်။ ကျမ်းစာက အုပ်ချုပ်သူအသင်းလူကြီးနှင့်သင်းအုပ်ကြား တိကျသောခွဲခြားမှုကို လုပ်ပေးမထားပါ။

"နှုတ်ကပတ်တော်နှင့်သြဝါဒများ"ကို ကိုင်တွယ်လုပ်ဆောင်သူအသင်းလူကြီး၏ အခြေခံအကျဆုံးအလုပ်မှာ ဧဝံဂေလိတရားဟောကြားခြင်းဖြစ်သည်။ ၎င်းကို ၂တိ၄း၂နှင့်အခြားကျမ်းပိုဒ်အများက ပြောပြပါသည်။ ဧဖက် ၄း၁၁က သင်းအုပ်ဌာန၏တာဝန်သည် သင်ကြားခြင်းဌာနဖြစ်သည်ဟု ပြောပါသည်။ ထို့ကြောင့် သင်းအုပ်၏အလုပ်သည် ဖျော်ဖြေမှုပေးခြင်းမဟုတ်ပါ။ သူ၏အလုပ်သည် ယနေ့ခေတ် ဧဝံဂေလိသမားအပေါ်စားများကပြောသလို၊ ဟိုသွားဒီသွား ဧဝံဂေလိလျှောက်ဟောဖို့မဟုတ်ပါ၊ သင်ပေးခြင်းဖြစ်ပါသည်။

ထိုအချက်ကို ကျွန်တော်တို့ အလေးအနက်ထားစရာလိုပါသည်။ ယနေ့ခေတ် သင်းအုပ်အများစုက ထိုတာဝန်ကို မေ့နေကြပြီဖြစ်သည်။ သူတို့သည် အများအပြားတော့ လုပ်နေကြပါသည်၊ သို့သော် တန်ဖိုးကြီးလှသောသင်ပေးခြင်းကို နည်းနည်းကလေးသာ လုပ်နေကြသည်။ ထိုသို့သော် သင်းအုပ်များ၏အသင်းတော်တွင် အသင်းသူ/သားအများစုသည် နှစ်များစွာနေကြသော်လည်း ဘာမှမသင်ရခြင်း၏ဘေးနာခွဲသာ ထိုင်နေကြရပါသည်။ ထိုသို့ဖြစ်ရခြင်းသည် သင်းအုပ်အပြစ်ကြောင့်ချည်းတော့မဟုတ်ပါ၊ သို့သော် အများအားဖြင့် သင်းအုပ်ကြောင့်သာဖြစ်ရပါသည်။

သင်းအုပ်သည် အသင်းသူ/သား လူကြီးများကိုသာ သင်ကြားရမည်မဟုတ်ပါ၊ ကလေးများကိုလည်း သင်ကြားပေးရမည်ဖြစ်သည် (ယော ၂၁း၁၅)။ ထို့ကြောင့် သင်းအုပ်သည် အသင်းတော်၏ကလေးများကို ပုံမှန်သင်ကြားပေးရပါမည်၊ ကျမ်းစာထဲမှ အကြောင်းအရာများကိုသာ သင်ပေးရမည်မဟုတ်၊ ကျမ်းစာ၏သြဝါဒများကိုလည်း သင်ကြားပေးရပါမည်။ အတော်အသုံးမကျမိုက်မဲသော "ကလေးများအတွက်ဟောကြားခြင်းများ"ဆိုသောစာအုပ်အဆုတ်အပျက်များကို မသုံးရ။

ထို့အပြင် သင်းအုပ်သည် လူငယ်ယောကျ်ားလေးများကိုလည်း သွန်သင်ရမည်၊ ၎င်းတို့ကို အနာဂတ်နှုတ်ကပတ်တော်ဟောကြားသူများဖြစ်လာဖို့ ပြင်ဆင်ပေးရပါမည် (၂တိ ၂း၂)။ ထိုအချက်နှင့်ကိုက်ညီစွာ ရီဖေါ့(မ်)အသင်းတော်များသည် သင်းအုပ်များကို ကျမ်းစာကျောင်းဆရာများအဖြစ် အမြဲတမ်း ခန့်အပ်လေ့ရှိကြပါသည်။ ထို့အပြင် သင်းအုပ်သည် သိုးထိန်းကဲ့သို့လည်းဖြစ်ပါသည်။ ဘုရားသခင့်သိုးများကို ထိန်းရသူဖြစ်သည်၊ ၎င်းတို့ကို ဂရုတစိုက်ထိန်းသိမ်းရန် အလွန်ကြီးမားလွန်းသောတာဝန်ကြီးကို ထမ်းဆောင်ရသူဖြစ်သည် (ယေဇ ၃၄း၁–၆)။

သင်းအုပ်သည် သင်းပေးရန်သာမဟုတ်ပါ၊ သူ့ထံတွင် စာဖတ်ရခြင်း၊ လေ့လာရခြင်းတာဝန်လည်း ရှိနေပါသည် (၁တိ ၄း၁၃)။ သြဝါဒများကို ဂရုစိုက်နေရပါမည်၊ ဆိုလိုသည်မှာ သင်နေရမည်၊ သိဖို့လုပ်ကိုင်နေရမည်။ ထိုသို့ စာဖတ်ရမည်ဖြစ်ခြင်း၊ လေ့လာရမည်ဖြစ်ခြင်း၊ သိဖို့ကြိုးစားနေရမည်ဖြစ်ခြင်းကို သင်းအုပ်အများစုကြီးက လစ်လျူရှုနေကြပါသည်။ ထို့ကြောင့် သင်းအုပ် မဖြစ်ကြခင် ၎င်းတို့ကို အမြောက်အများ သွန်သင်ကြရခြင်းဖြစ်သည်။ မည်သို့ပင်ဖြစ်ပါစေ၊ သင်းအုပ်သည် စာဖတ်ရမည်၊ အကြောင်းအရာများကိုစာဖတ်ခြင်းဖြင့် လေ့လာနေရမည်မှာ အဓိကဖြစ်ပါသည်။

ထိုအရာများအားလုံးလက်တွေ့ဖြစ်နိုင်ရန် အသင်းတော်၏အသင်းသူ/သားများအားလုံးတွင်လည်း တာဝန်ရှိကြပါသည်။ သူတို့သည် ကောလောသဲအသင်းတော်ကဲ့သို့ သင်းအုပ်တို့ထံ "သင်သည် သခင်ဘုရား၏လက်တော်မှ ခံရပြီးသော ဓမ္မဆရာ၏အမှုအရာကို ပြည့်စုံခြင်းငှာ သတိပြုပါဟု"ပြောနိုင်သူများ ဖြစ်ကြရပါမည်(ကောလောသဲ ၄း၁၇)။ အသင်းတော်က ထိုအရာကို မဖြစ်မနေပြောရပါ မည်။ မကြာမကြာပြောရပါမည်။ အထူးသဖြင့် သင်းအုပ်များက မိမိတို့၏ကျမ်းစာမှပေးအပ်သောတာဝန်များကို သတိမပြုကြသည့် အခါများတွင်ဖြစ်သည်။

သင်းအုပ်တာဝန်သည် တာဝန်ယူရသူများတွက် လွယ်သောအလုပ်မဟုတ်ပါ။ သို့သော် ထိုတာဝန်ကို ဘုရားသခင်က သူ့လူများကယ်တင်ခြင်းရဖို့အတွက် ခန့်အပ်ထားခြင်းဖြစ်ပါသည်။ ဘုရားသခင်၏သိုးတော်စုကို မကျွေးမွေးသောသိုးထိန်းများ အမင်္ဂလာရှိကြပါစေသတည်း (ယေ ၃၄း၂)။

(Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

++++++++++++++++++++++++++++++++++++++++

၂ကော ၁၂း၁–၂၁ (ဂျိန်းဘုရင်မူ)

၁– ငါ့အတွက် ကြွားဝါခြင်းသည် သံသယဖြစ်စရာမလိုအောင် မသင့်တော်ပါ။ မည်သို့ဖြစ်ပင်ဖြစ်ပါစေ၊ ငါ သခင်ဘုရား၏ မြင်စေခြင်းများနှင့် ဖွင့်ပြချက်များကို ပြောပါဦးမည်။

၂ – လွန်ခဲ့သော ဆယ့်လေးနှစ်က ခရစ်တော်၏လူတဦး တတိယကောင်းကင်သို့ ခေါ်ဆောင်သွားခြင်းခံရသည်ကို ငါသိပါသည် (ကိုယ်ခန္ဓာနှင့်လား ငါမပြောတတ်ပါ၊ (သို့) ကိုယ်ခန္ဓာမပါဘဲလား ငါ မပြောတတ်ပါ၊ ဘုရားသခင်သိပါသည်)။

၃ – ငါ ထိုသူကိုသိပါသည်၊ (ခန္ဓာနှင့်လော၊ ခန္ဓာမပါဘဲနှင့်လော၊ ငါမပြောနိုင်ပါ၊ ဘုရားသခင်သိပါသည်)

၄ – သူသည် ပါရာဒိုက်စ်သို့ ခေါ်ဆောင်သွားခြင်းကို ခံရပါသည်၊ စကားလုံးများဖြင့် ပြော၍မဖြစ်နိုင်သည်များကို ကြားခဲ့ရပါသည်၊ ၄င်းတို့ကို လူတဦးက ပြန်ပြောရန် ဥပဒေနှင့်မညီပါ။

၅ – ထိုသို့သောသူအတွက် ငါ ဂုဏ်ယူမည်ဖြစ်သည်၊ သို့သော် ငါ့အတွက်ဆိုလျှင် ဂုဏ်ယူမည်မဟုတ်ပါ၊ သို့သော် ငါ၏အားနည်းချက်များတွင်သာ ဂုဏ် ယူပါမည်။

၆ – ငါ ဂုဏ်ယူဖို့ရာ ဆန္ဒရှိလျှင်လည်း၊ ငါသည် အမှန်တရားကိုပြောနေခြင်းဖြစ်သည်၊ သို့သော် ငါထိုသို့မပြုပါ၊ မဟုတ်ပါက တစုံတဦးက ငါ့ကို ထင်သင့်သည်ထက် ပို၍အထင်ကြီးမည်စိုးရပါသည်၊ (သို့) ငါ့ထံမှကြားသည်ထက် ပိုအထင်ကြီးနေပါမည်။

၇ – ထို့အပြင် များပြားလှသော ဖွင့်ပြချက်များကြောင့် ငါသည် မိမိကိုယ်ကို ထင်သင့်သည်ထက် ပို၍ချီးမြှောက်မည်စိုးသဖြင့်၊ ငါ့အသွေးအသားထဲတွင် ဆူးကို ပေးထားပါသည်၊ စာတန်၏တမန်ဖြစ်သည်၊ ငါ့ကိုထိုးနှက်ရန်ဖြစ်သည်၊ မဟုတ်ပါက မိမိကိုယ်ကို အထင်ကြီးလွန်းမည်စိုး၍ဖြစ်သည်။

၈ – ထိုအရာအတွက် သခင်ဘုရားကို သုံးကြိမ်တောင်းပန်သည်၊ ထိုအရာ ငါ့ထံမှထွက်သွားရန်ဖြစ်သည်။

၉ – ငါ၏ကျေးဇူးတော်သည် သင့်အတွက် လုံလောက်သည်၊ ငါ၏ခွန်အားသည် အားနည်းခြင်း၌ ပြည့်စုံခြင်းကိုလုပ်ပေးသည်ဟု ဘုရားသခင်က ငါ့ကို ပြောပါသည်။ ထို့ကြောင့် ငါသည် ငါ၏အားနည်းခြင်းများအတွက် အသေအချာပင် အလွန်ဝမ်းမြောက်နေမည်ဖြစ်သည်၊ ထိုသို့ဖြင့် ခရစ်တော်၏တန်ခိုးသည် ငါ့အပေါ်၌တည်ရှိနေမည်ဖြစ်သည်။

၁၀ – ထို့ကြောင့် ငါသည် ခရစ်တော်အတွက် အားနည်းခြင်းများ၌၊ ဝေဖန်အပြစ်တင်ခံရခြင်းများ၌၊ လိုအပ်ခြင်းများ၌၊ နှိပ်စက်ညှင်းဆဲခံရခြင်းများ၌၊ စိတ်ပူပန်ရခြင်းများ၌ သာယာနေပါသည်၊ အဘယ့်ကြောင့်ဆိုသော် ငါ အားနည်းသောအခါ၊ ငါသည် သန်မာနေပါသည်။

၁၁ – ငါသည် ဂုဏ်ယူခြင်း၌ လူမိုက်ဖြစ်လို့နေပါသည်၊ သင်တို့က ထိုသို့အတင်းဖြစ်စေနေကြသည်၊ အဘယ့်ကြောင့်ဆိုသော် ငါသည် သင်တို့၏ချီးကျူးခြင်းကို ခံသင့်သော်လည်း ထိုသို့မခံရ၍ဖြစ်သည်၊ ငါသည် ဘာမျှမဟုတ်သော်လည်း အကြီးဆုံးသောတမန်တော်များထက် မည်သည့်အရာအတွက်မျှ နောက်ကျန်သူမဟုတ်ပါ။

၁၂ – တမန်တော်များ၏နိမိတ်လက္ခဏာများအားလုံးသည် သင်တို့ကြားတွင် မှန်ကန်စွာ ဖြစ်ပျက်ခဲ့ပြီးဖြစ်သည်၊ အားလုံးသော သည်းခံခြင်းများ၊ နိမိတ်လက္ခဏာများ၊ အံ့သြစရာများ၊ ကြီးမားသောအပြုအမူများဖြစ်သည်။

၁၃ – မည်သည့်အကြောင်းအရာ၌ သင်တို့သည် အခြားသောအသင်းတော်များထက် နိမ့်ကျပါသနည်း? ငါသည် သင်တို့အတွက် ဝန်ထုတ်ဝန်ပိုး မဖြစ်ခြင်း၌သာ မဟုတ်ပါလော? ထိုအမှားအတွက် ငါ့ကို ခွင့်လွှတ်ကြပါ။

၁၄ – ကြည့်ပါ၊ ငါသည် သင်တို့ထံ တတိယအကြိမ်လာရန် အသင့်ရှိနေပြီဖြစ်သည်၊ လာသည့်အခါတွင်လည်း သင်တို့အတွက် ဝန်ထုတ်ဝန်ပိုး ဖြစ်မည်မဟုတ်ပါ၊ ငါသည် သင်တို့၏ဥစ္စာများကို ရှာသူမဟုတ်၊ သင်တို့ကိုရှာသူဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် သားသမီးတို့သည် မိဘတို့အတွက် အမွေစုဆောင်းခြင်း မပြုသင့်ပါ၊ မိဘတို့ကသာ သားသမီးတို့အတွက် စုဆောင်းပေးရမည်ဖြစ်သည်။

၁၅ – ငါသည် သင်တို့အတွက် ဝမ်းမြောက်စွာ သုံးနေပါမည်၊ ပို၍သုံးနေပါမည်။

၁၆ – သို့သော် ထိုသို့ပင် ရှိပါစေ၊ ငါသည် သင်တို့ကို ဝန်ထုတ်ဝန်ပိုးမဖြစ်စေပါ၊ သို့သော်၊ ပါးနပ်သူဖြစ်သဖြင့်၊ သင်တို့ကို ငါ ပရိယာယ်နှင့် ဖမ်းမိပြီဖြစ်သည်။

၁၇ – သင်တို့ထံသို့ ငါစေလွှတ်သူများအားဖြင့် ငါ သင်တို့ကို အမြတ်ထုတ်ခဲ့ပါသလော?

၁၈ – ငါ တိုက်တပ်စ်ကို သွားစေချင်သည်၊ ထို့ကြောင့် သူနှင့်အတူ ညီအကိုတဦးကို စေလွှတ်ခဲ့သည်။ တိုက်တပ်စ်က သင်တို့ကို အမြတ်ထုတ်ပါသ လော? တူညီသောစိတ်ဝိညာဉ်ဖြင့် ငါတို့ ပြုမူကြသည်မဟုတ်လော? တူညီသောလျှောက်လှမ်းပုံဖြင့် ငါတို့ အတူတူလျှောက်လှမ်းကြသည် မဟုတ်လော?

၁၉ – နောက်တဖန်၊ ငါတို့သည် သင်တို့ထံ ဆင်ခြေတက်နေကြသည်ဟု သင်တို့ထင်နေကြသလော? ငါတို့သည် ခရစ်တော်အားဖြင့် ဘုရားသခင်၏ရှေ့တော်၌ ပြောနေကြခြင်းဖြစ်သည်၊ သို့သော် ချစ်လှစွာသောညီအကိုတို့၊ ငါတို့သည် ထိုအရာများအားလုံးကို သင်တို့အကျိုးအတွက် လုပ်ကိုင်ကြခြင်းဖြစ်ပါသည်။

၂၀ – ငါလာသောအခါ၊ သင်တို့ကို ငါသည် တွေ့သင့်သည့်ပုံစံအတိုင်း မတွေ့မည်ကိုစိုးရိမ်ပါသည်၊ ထို့အတူ ငါ့ကိုလည်း သင်တို့သည် တွေ့သင့်သည့် ပုံစံနှင့်မတွေ့မည်ကို စိုးရိမ်ပါသည်၊ ငါလာသောအခါ ငြင်းခုံခြင်းများ၊ မနာလိုခြင်းများ၊ အမျက်ဒေသများ၊ ရန်ဖြစ်ခြင်းများ၊ အတင်းပြောခြင်းများ၊ တီးတိုးပြောခြင်းများ၊ မောက်မာခြင်းများ၊ မြောင်းဆန်နေခြင်းများသာ ရှိနေမည် စိုးရိမ်ရပါသည်၊

၂၁ – ထို့အပြင်၊ ငါပြန်လာသောအခါ၊ ဘုရားသခင်သည် ငါ့ကို သင်တို့ကြားတွင် နှိမ့်ချသဖြင့်၊ အပြစ်ပြုပြီးသူများအတွက်၊ မသန့်ရှင်းခြင်း၊ မတရားသော မေထုန်မှီဝဲခြင်း၊ ကာမရာဂစိတ်ပြင်းထန်လွန်ခြင်းတို့ကို ကျူးလွန်ကြလျက် နောင်တမရကြသူများအတွက် ဝမ်းနည်းပက်လက် ဖြစ်နေရမည် စိုးရပါသည်။

++++++++++++++++++++++++++++

သခင်ဘုရား၏နေ့ (၅၂)

၁၂၇။ ဆဌမအသနားခံတောင်းလျှောက်ခြင်းကားအဘယ်နည်း?

***“အပြစ်သွေးဆောင်ရာသို့မလိုက်မပါစေဘဲ၊ မကောင်းသောအမှုအရာမှလည်းကယ်နှုတ်တော်မူပါ”***ဖြစ်သည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် မိမိတို့ဘာသာဆိုလျှင် အလွန်အားနည်းကြသဖြင့်၊ တဒင်္ဂခဏလေးပင် မရပ်တည်နိုင်ကြပါ။ ထို့အပြင် ကျွန်ုပ်တို့နှင့်အသေအကြေတိုက်မည့် ရန်သူများဖြစ်သော နတ်ဆိုး၊ ကမ္ဘာကြီးနှင့်၊ ကျွန်ုပ်တို့၏ အသွေးသားတို့က၊ ရပ်တန့်ခြင်းမရှိဘဲ တိုက်ခိုက်နေကြသဖြင့်၊ ကျွန်ုပ်တို့ကို ကိုယ်တော်၏သန့်ရှင်းသော ဝိညာဉ်တော်တန်ခိုးဖြင့် စောင့်ရှောက်လျက် အားဖြည့်ပေးတော်မူပါ။ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ဤဝိညာဉ်စစ်ပွဲ၌ အနိုင်ယူခြင်းကို မခံရဘဲဖြစ်ပါမည်၊ ထို့မှဆန့်ကျင်စွာ ကျွန်ုပ်တို့၏ရန်သူများကို အဆက်မပြတ်၊ အင်တိုက်အားတိုက်အစွမ်းကုန် ခုခံကြပါမည်၊ နောက်ဆုံး ကျွန်ုပ်တို့ အပြည့်အဝအောင်ပွဲရသည်ထိဖြစ်ပါမည်။

၁၂၈။ သင်၏ဆုတောင်းခြင်းကို မည်သို့အဆုံးသတ်ပါသနည်း?

***"အစိုးပိုင်သောအခွင့်နှင့်ဘုန်းတန်ခိုးအာနုဘော်သည် ကမ္ဘာအဆက်ဆက် ကိုယ်တော်၌ရှိပါ၏"***ဖြစ်သည်။ ဆိုလိုသည်မှာ ကိုယ်တော်သည် ကျွန်ုပ်တို့၏ရှင်ဘုရင်၊ အနန္တတန်ခိုးရှင်ဖြစ်သည်၊ ကောင်းမြတ်ခြင်းအားလုံးကို ကျွန်ုပ်တို့ထံ ပေးဖို့ အလိုရှိသူ၊ ပေးနိုင်စွမ်းသူ ဖြစ်တော်မူသည်၊ ထို့အပြင် ဤအရာအားလုံးကို ဆုတောင်းကြသည့်အခါ ၌လည်း ကျွန်ုပ်တို့မဟုတ်၊ ကိုယ်တော်၏သန့်ရှင်းသောနာမတော် ထာဝရဘုန်းတော်ထင်ရှားဖို့ရန် ဖြစ်သည်။

၁၂၉။ ***"အာမင်"***ဆိုသည့်စကားလုံးက မည်သည့်အဓိပ္ပါယ်သက်ရောက်စေသနည်း?

***"အာမင်"***ကညွှန်ပြသည်မှာ၊– ဤအကြောင်းအရာသည် မှန်ကန်စွာ၊ သေချာစွာဖြစ်လိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ဤအရာများကို ဘုရားသခင်ထံမှ ကျွန်ုပ်လိုချင်ပါသည်ဟု နှလုံးသားမှခံစားရသည်ထက်ပင် ဘုရားသခင်က ကျွန်ုပ်၏ဆုတောင်းကို ပို၍သေချာစွာ နားညောင်းတော်မူမည်ဖြစ်ပါသည်။